KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ ထုတ်ပြန်ချက်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ကျရောက်သော (၇၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့၌ ကျွန်ုပ်တို့ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်စွမ်းရှိနေသည့်အပေါ် အလွန်ဝမ်းမြောက်မိပါသည်။ ထို့အပြင် လူ့အခွင့်အရေးလုပ်ငန်းများလုပ်ဆောင်ရာတွင်လိုအပ်သော အရင်းအမြစ်များနှင့် လုံခြုံရေးအတွက်စိုးရိမ်စရာ များရှိနေသော်ငြားလည်း လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများအားဆက်လက်လုပ်ဆောင်နေကြသည့် အခြားလူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့စည်းများနှင့်ပုဂ္ဂိုလ်များအတွက် ကျွန်ုပ်တို့မှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျွန်ုပ်တို့လုပ်မှုပတ်ဝန်းကျင်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများဆက်လက်ဖြစ်ပွားနေခြင်းနှင့် အတိတ်မှဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဆိုးကျိုးများဆက်လက်ခံစားနေရသည့်အပေါ် ကျွန်ုပ်တို့အနေဖြင့် အလွန်စိတ်ပျက်ဝမ်းနည်းမိပါသည်။ လူအခွင့်အရေးပြဿနာများဖြစ်သည့် အထူးသဖြင့် စစ်ဖက်ဆိုင်ရာလှုပ်ရှားမှုများနှင့်တိုက်ပွဲများ၊ ကာလရှည်ကြာနေရပ်စွန့်ခွါထွက်ပြေးတိမ်းရှောင်ရမှုများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် မြေယာသိမ်းဆည်းမှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်ကြသောကလေးသူငယ်များသည်မြေယာမဲ့မိသားစုများမှ ကြီးပြင်းလာရခြင်း၊ ၎င်းတို့မိဘများအားညှင်းပမ်းနှိပ်စက်ခြင်း၊သတ်ဖြတ်ခြင်းများကြောင့် မိဘမဲ့ကလေးများအဖြစ်ကြီးပြင်းလာရခြင်းနှင့် ဆင်းရဲနွမ်းပါးခြင်း၊ ပညာရေးကျန်းမာရေးအရင်းအမြစ်များ လုံလောက်မှုမရှိခြင်းကြားတွင် ကြီးပြင်းလာခဲ့ကြရပါသည်။

ယနေ့တွင် ကျင်းပပြုလုပ်မည့်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့၏အဓိကမီးမောင်းထိုးပြချင်သည့် ဆောင်ပုဒ်မှာ "*လူသားအားလုံးအခွင့်အရေး လူငယ်များကရပ်တည်ပေး*" ဆိုသည့်ဆောင်ပုဒ်ဖြစ်ပါသည်။ ယခုအချိန်တွင် ဤဆောင်ပုဒ်အတိုင်းလူငယ်များအနေဖြင့် လုပ်ဆောင်ရန်အသင့်လျော်ဆုံးအချိန်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စစ်အာဏာရှင်အုပ်ချုပ်မှုမှ ဒီမိုကရက်တစ်အုပ်ချုပ်မှုတစ်စိတ်တစ်ပိုင်းသို့ တဖြည်းဖြည်းအသွင်ပြောင်းလဲလာခဲ့သောကြောင့် သမိုင်းသစ်တစ်ခုအဖြစ်ရှုမြင်လာကြသောကြောင့် ရင်းနှီးမြှုပ်နှံမှုများပြားလာခြင်း၊ ဖွံ့ဖြိုးရေးဆိုင်ရာအဆောက်အဦးများတိုးချဲ့လာခြင်း၊ ဆက်သွယ်ချိတ်ဆက်မှုများအားကောင်းလာခြင်း၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖြစ် ပေါ်လာခဲ့ပါသည်။ ယခုအချိန်တွင်ထိုပြောင်းလဲလာမှုများကြောင့် မည်သို့သောအကျိုးသက်ရောက်မှုများခံစားကြရမည်ကို မသိရှိနိုင်သည့်အပြင် မည်သို့သောလူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်လာမည်ကိုလည်း ကြိုတင်မှန်းဆလို့မရနိုင်သေးပေ။ မြန်မာနိုင်ငံရှိမျိုးဆက်သစ်လူငယ်များသည် ၎င်းတို့အခွင့်အရေးအား တောင်းဆိုရာတွင်လူ့အခွင့်အရေးဆိုင်ရာဗဟုသုတများတိုးပွားလာအောင်လုပ်ဆောင်ရန်နှင့် ၎င်းတို့၏စွမ်းဆောင်ရည်များမြင့်တင်ရန်ကြိုတင် ပြင်ဆင်မှုများလုပ်ဆောင်ထားရန်လိုအပ်ပါသည်။

မြန်မာပြည်ရှိမျိုးဆက်သစ်လူငယ်များသည် တရားမျှတမှုရရှိရန်ကြိုးစားရာတွင်အခက်အခဲများရှိသော်လည်း ၎င်းတို့အနေဖြင့် အားမလျော့ဘဲတက်ကြွစွာလုပ်ဆောင်ခဲ့ကြပါသည်။ တစ်ချို့ဖြစ်စဉ်များဖြစ်သည့် ဒေသခံများသဘောတူညီမှုမပါပဲပိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုအားတည်ဆောက်မှုကို ဆန့်ကျင်ဆန္ဒပြခဲ့သော ကရင်နီလူငယ်များနှင့် တိုက်ပွဲများကြောင့်ထွက်ပြေးတိမ်းရှောင်နေကြရသော ကချင်ပြည်သူများအတွက် ၎င်းတို့လွတ်မြောက်လာနိုင်ရန်ကချင်လူငယ်များမှတောင်းဆိုဆန္ဒပြမှု စသည့်ကိစ္စရပ်များသည် ပြည်တွင်းမီဒီယာများ၏အာရုံစိုက်ခြင်းကိုခံခဲ့ရပါသည်။ ဤကဲ့သို့ထင်ရှားသောဖြစ်ရပ်များဖြစ်သည့် လူ့အခွင့်အရေးအတွက် အကြမ်းဖက်မှုမပါပဲ တောင်းဆိုဆန္ဒပြနေသည့်လူငယ်များအပေါ် မြန်မာအစိုးရမှ ထောင်ချခြင်းနှင့်ဖိနှိပ်ချုပ်ချယ်မှုများလုပ်ဆောင်နေမှုများကိုတွေ့ရသောကြောင့် စိတ်မချမ်းမြေ့ဖွယ်ရာအဖြစ်မြင်ရပါသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ရန်ကုန်မြို့၌ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများဖြစ်သော နော်အုန်းလှနှင့်ကရင်လူငယ်နှစ်ဦးသည် ကရင့်အာဇာနည်နေ့အခမ်းအနားကို ဦးဆောင်စီစဉ်ကျင်းပခဲ့သောကြောင့် ဖမ်းဆီးခြင်းခံခဲ့ရပါသည်။ ဤဖြစ်ရပ်အားလုံးသည်မြန်မာပြည်အတွင်း တန်းတူအခွင့်အရေးရရှိ ရန်လှုပ်ရှားနေသူများအတွက် အခက်အခဲများရှိနေကြောင်းဖော်ပြနေပါသည်။ လူ့အခွင့်အရေးအတွက်လုပ် ဆောင်ရာတွင်အခက်အခဲများရှိနေသော်လည်း ဤဖြစ်ရပ်အားလုံးကိုခြုံငုံကြည့်မည်ဆိုလျှင် လူ့အခွင့်အရေးအတွက် အမှန်တကယ်ရပ်တည်လုပ်ဆောင်ပေးရန်လိုအပ်နေပါသည်။

နော်အုန်းလှမှ ပြောဆိုသည်မှာ- "*အနာဂတ်ဟာ လူငယ်တွေရဲ့လက်ထဲမှာဘဲရှိပါတယ်။ သူတို့ဟာ လူ့အခွင့်အရေးကဘာလဲဆိုတာကိုသိသင့်၊ နားလည်သင့်ပါတယ်။*" မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံအဟောင်းများသည် လျော့နည်းသွားခြင်းမရှိသည့်အပြင် လူ့အခွင့်အရေးချိုးဖေါက်မှုပုံစံအသစ်များလည်းဖြစ်ပေါ်လာသည့်အတွက် မျိုးဆက်သစ်လူငယ်များအနေဖြင့် လုပ်ဆောင်ရမည့်အရာသုံးခုရှိလာပါသည်။ ထိုအရာများမှာတစ်ဦးတစ်ယောက်အခွင့်အရေးနှင့် အများနှင့်သက်ဆိုင်သည့်အခွင့်အရေးအတွက် လုပ်ဆောင်ရာတွင်နည်းလမ်းသစ်များဖြင့် ရဲရဲတင်းတင်းပြောဆိုလုပ်ဆောင်ရန်လိုအပ်ပါသည်။ ထို့အပြင်အစိုးရနှင့်အရပ်ဖက်အဖွဲ့အစည်းများနှင့်ပူးတွဲလုပ်ဆောင်၍သော်လည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် တောင်းဆိုရာတွင်သော်လည်းကောင်း ဆက်လက်လုပ်ဆောင်သွားရန်လိုအပ်ပါသည်။ ဆက်လက်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုမြင်တွေ့နေရသည့်အတွက် ကျွန်ုပ်တို့ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့်အမှန်တကယ်စိုးရိမ်ပါသည်။ သို့သော်လည်းလူငယ်များ၏ တတ်ကြွလုပ်ဆောင်မှုများကြောင့်ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးအတွက်လုပ်ဆောင်ရာတွင် ပိုမိုစိတ်အားထက်သန်စေပြီး မြန်မာပြည်၏အနာဂတ်တွင်တရားမျှတမှုနှင့် လူ့အခွင့်အရေးအပြည့်အဝရရှိလာရန်အတွက် မျှော်လင့်ချက်များရှိနေပါသည်။